| တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသည့် နိုင်ငံခြားသားနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ | | | | |
|---|---|---|---|---|
| <u>တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသည့် နိုင်ငံခြားသားနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ</u> | | | | |
| စဉ် | လုပ်ထုံးလုပ်နည်း အမှတ် | ပြဋ္ဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
| ၁ | ၃ | တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က)ပါ ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူ ဘွဲ့ရရှိသူ နိုင်ငံခြားသားသည်-<br>(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုပါက လျှောက်လွှာပုံစံ ၆(က)တွင် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကောင်စီက တောင်းခံသော အခြားအထောက်အထား စာရွက်စာတမ်း မိတ္တူများ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။<br>(ခ) ကောင်စီက အကြောင်းကြားသည့်အချိန်တွင် အပိုဒ်ခွဲ(က)ပါ အထောက်အထားစာရွက်စာတမ်း မူရင်းများကို ကောင်စီသို့ တင်ပြရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၄ |
| ၂ | ၆ | တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(ခ)ပါ ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ နိုင်ငံခြားသားသည်-<br>(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုပါက အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ပြုရန်လျှောက်လွှာ ပုံစံ ၁၃ တွင် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကောင်စီကတောင်းခံသော အခြားအထောက်အထား စာရွက်စာတမ်း မိတ္တူများ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။<br>(ခ) ကောင်စီကအကြောင်းကြားသည့်အချိန်တွင် အပိုဒ်ခွဲ(က)ပါ အထောက်အထားစာရွက်စာတမ်း မူရင်းများကို ကောင်စီသို့ တင်ပြရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၄ |

| | | | | |
|---|---|---|---|---|
| ၃ | ၈ | အပိုဒ် ၇၊ အပိုဒ်ခွဲ(င)အရ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူသည်–<br>(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်လွှာပုံစံ ၆(ခ)တွင် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကောင်စီက တောင်းခံသော အခြားအထောက်အထား စာရွက်စာတမ်း မိတ္တူများ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။<br>(ခ) ကောင်စီက အကြောင်းကြားသည့်အချိန်တွင် အပိုဒ်ခွဲ(က)ပါ အထောက်အထားစာရွက်စာတမ်း မူရင်းများကို ကောင်စီသို့ တင်ပြရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၄ |
| ၄ | ၁၄ | (က) မှတ်ပုံတင်ထားသူသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှ မြန်မာနိုင်ငံဆိုင်ရာ ပြည်ဝင်ခွင့်ဗီဇာ(Entry Visa) လျှောက်ထားရာတွင် ကောင်စီက အပိုဒ် ၄၊ အပိုဒ်ခွဲ(င) သို့မဟုတ် အပိုဒ် ၉၊ အပိုဒ်ခွဲ (ဂ) အရ လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ၊ နေရာဒေသ၊ အချိန်ကာလနှင့် သတ်မှတ်ထားသော စည်းကမ်းများနှင့် ညီညွတ်သည့် ထိုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ပြည်ဝင်ခွင့်ဗီဇာအမျိုးအစားကို လျှောက်ထား ရယူရမည်။<br>(ခ) မှတ်ပုံတင်ထားသူ ရရှိထားသော ပြည်ဝင်ခွင့်ဗီဇာသည် ကောင်စီက အပိုဒ် ၄၊ အပိုဒ်ခွဲ(င) သို့မဟုတ် အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ) အရ ခွင့်ပြုချက်၊ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ကောင်စီသည် ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ရုပ်သိမ်းခွင့်ရှိသည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၄ |
| ၅ | ၁၅ | မှတ်ပုံတင်ထားသူသည်–<br>(က) မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးလိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်လွှာပုံစံ ၉(က)တွင် ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး ကောင်စီသို့ လျှောက်ထားရမည်။<br>(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီက ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၄ |

| | | | | |
|---|---|---|---|---|
| ၆ | ၂၀ | (က) မှတ်ပုံတင်ထားသူသည် မှတ်ပုံတင်ပြီးနောက်မှ ထပ်မံရရှိသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အသိအမှတ်ပြုလွှာကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပေးရန် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကောင်စီသို့ လျှောက်ထားရမည်။<br>(ခ) ကောင်စီသည် အပိုဒ်ခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍-<br>(၁) အသိအမှတ်ပြုပါက မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပေးရမည်။<br>(၂) အသိအမှတ်မပြုပါက အသိအမှတ်မပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၄ |

| မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်<br>အမိန့်ကြော်ငြာစာအမှတ် ၁၅ /၂၀၁၇ နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ | | | | |
|---|---|---|---|---|
| (ဂ) ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင် လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ | | | | |
| စဉ် | အမှတ် | ပြဋ္ဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
| ၁ | ၃ | တိရိစ္ဆာန်ဆေးကုခန်းလုပ်ငန်း<br>(မှတ်ချက် - မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြား ချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |
| (ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ<br>(၃)- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည့်လုပ်ငန်းများ** | | | | |
| စဉ် | အမှတ် | ပြဋ္ဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
| ၁ | ၃ | တိရိစ္ဆာန်ရောဂါကာကွယ်ဆေး ထုတ်လုပ်ရောင်းချမှုလုပ်ငန်း<br>(မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |
| ၁ | ၃ | တိရိစ္ဆာန်ရောဂါကာကွယ်ဆေး ထုတ်လုပ်ရောင်းချမှုလုပ်ငန်း<br>(မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |

| | | | | |
|---|---|---|---|---|
| ၂ | ၆ | တိရိစ္ဆာန်သုံးဆေးဝါး ထုတ်လုပ် ရောင်းချမှုလုပ်ငန်း (မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက် မှု | နည်းလမ်း ၃ |
| ၃ | ၇ | မျိုးရိုးဗီဇဆိုင်ရာ သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးထိန်းသိမ်းခြင်းနှင့် မျိုးထုတ် လုပ်ရောင်းချခြင်းလုပ်ငန်း (မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက် မှု | နည်းလမ်း ၃ |
| ၄ | ၉ | တိရိစ္ဆာန်အစာ၊ တိရိစ္ဆာန်ထွက်ပစ္စည်း ဘေးအန္တရာယ်ကင်းရှင်း ရေးဆိုင်ရာဓါတ်ခွဲခန်း ဝန်ဆောင်မှုလုပ်ငန်းများ (မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက် မှု | နည်းလမ်း ၃ |
| ၅ | ၁၀ | တိရိစ္ဆာန်ရောဂါ ဓါတ်ခွဲရှာဖွေစစ် ဆေးခြင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်း (မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက် မှု | နည်းလမ်း ၃ |
| ၆ | ၁၁ | တိရိစ္ဆာန်ကျန်းမာရေးဆိုင်ရာ သုတေသနနှင့်ရောဂါစူးစမ်းလေ့လာမှုဆိုင်ရာ ဝန်ဆောင် မှုလုပ်ငန်းများ (မှတ်ချက်-မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။) | ဈေးကွက်ဝင်ရောက် မှု | နည်းလမ်း ၃ |